APRIL, MAY, JUNE@2026 (11TH TIME)

# NEWSLETTER




## HIGHTLIGHTS

- Connect. Unite. Build Together. @2026 (BOD Retreat Trip -Bali)
- ကမ္ဘာ့လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့ (World Day for Safety and Health at Work) - ၂၀၂၆
- အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အာဟာရဒါန လှူဒါန်းခြင်း - ၂၀၂၆
- ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ - ၂၀၂၆ စုပေါင်း သစ်ပင်စိုက်ပျိုးခြင်း၊
- ကမ္ဘာ့လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့ (World Day for Safety and Health at Work) - ၂၀၂၆ အထိမ်းအမှတ် အနုပညာနှင့် စာပေ စွမ်းရည်ပြိုင်ပွဲ ကျင်းပခြင်း၊
- ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း၊
- တုပ်ကွေးကာကွယ်ဆေးထိုးခြင်း၊
- မြောင်းတကာတိုက်နယ်ဆေးရုံတွင် ဆေးဝါးများ ထောက်ပံ့လှူဒါန်းခြင်း
- ဝန်ထမ်းထုအစည်းအဝေးကျင်းပခြင်း
- Internship Program (April & May 2026)

- MCPA Day & Career Fair တွင် ပါဝင်ခဲ့ခြင်း
- Governance as a Business Strategy Decisions that Separate Resilient Firms from Fragile ones in Myanmar Workshop
- စက်မှုလုပ်ငန်းခွင် လက်တွေ့လေ့လာသင်ယူခြင်း (Industrial Training)
- နည်းပညာတက္ကသိုလ် (မှော်ဘီ) နှင့် Letter of Agreement (LOA) လက်မှတ်ရေးထိုးခြင်း
- Agritech myanamr expo ပွဲတွင် ပါဝင်ခဲ့ခြင်း
- Huawei's Workshop for Installers & Owners Event ကို တောင်ကြီးမြို့တွင် ကျင်းပခဲ့ခြင်း၊
- MYANWEN Friendship Tournament 2026















# Connect. Unite. Build Together.
# @2026 (BOD Retreat Trip -Bali)





၂၀၂၆ ခုနှစ်၊ ဧပြီလ (၁၄ ရက်နေ့မှ ၁၈ ရက်နေ့) အထိ Proven Group of Companies Ltd. ၏ Connect. Unite. Build Together. @2026 (BOD Retreat Trip -Bali) ခရီးစဉ်အား Proven Group of Co., Ltd. ၏ BOD လူကြီးမင်းများ၊ Executive Directors များ၊ မိသားစုဝင်များနှင့်အတူ ပျော်ရွှင်စွာ သွားရောက်လည်ပတ်ခဲ့ပါသည်။ ၎င်းခရီးစဉ်တွင် Group CEO မှ Group တစ်ခုလုံး၏ အနာဂတ်ရည်မှန်းချက်များ၊ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဥက္ကဋ္ဌ ဦးထွန်းမြင့်မှလည်း လက်ရှိဆောင်ရွက်လျက်ရှိသော Proven ၏ ဆောင်ရွက်ချက်များကို အားရကျေနပ်မိကြောင်း ချီးကျူးပြောကြားခဲ့ပါသည်။ ခရီးစဉ်တစ်လျှောက်လုံး ပျော်ရွှင်စွာလိုက်ပါပေးကြသည့် ဒါရိုက်တာအဖွဲ့ဝင်များအားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါသည်။














# ကမ္ဘာ့လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးနေ့- ၂၀၂၆













၂၀၂၆ ခုနှစ်၊ ဧပြီလ၊ (၂၈) ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးနေ့ (World Day for Safety and Health at Work) အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများဖြစ်ကြသည့် Proven Technology Industry Co., Ltd၊ Proven Distribution Co., Ltd.၊ Proven Polyworld Co., Ltd နှင့် Yangon Metal Industry Co., Ltd တို့တွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးနေ့ဆိုင်ရာ အထိမ်းအမှတ်ဟောပြောပွဲများ၊ လုပ်ငန်းခွင်တွင် ဖြစ်ပေါ်နိုင်သည့် အန္တရာယ်များကို ရှာဖွေဖော်ထုတ်ခြင်းနှင့် သရုပ်ဖော် Video များ၊ Game Plan များ၊ ဗဟုသုတ ညာဏ်စမ်းများ ဖြေဆိုခြင်းဖြင့် အုပ်စုလိုက် ပြိုင်ပွဲများပြုလုပ်ကာ ဆုရရှိသူများကို ဆုချီးမြှင့်ခြင်းအခမ်းအနားများကို စက်ရုံများနှင့် ရုံးများတွင် ကျင်းပပြုလုပ်ခဲ့ကြပါသည်။ Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုစနစ် ISO 45001 ကို လိုက်နာကျင့်သုံးလျက်ရှိကာ လုပ်ငန်းခွင်အသီးသီးတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် တည်ဆဲဥပဒေပြဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျှက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ **[CSR for Health & Safety]**











# Labour Day @2026



မေလ (၁) ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် Proven Group of Companies ၏ ညီနောင်ကုမ္ပဏီများဖြစ်ကြသော Proven Technology Industry Co., Ltd နှင့် Proven Poly World Industry Co., Ltd တို့ အပြင် ယခုနှစ်တွင် Yangon Metal Industry Co., Ltd တို့ပါပူးပေါင်း၍ ၂၀၂၆ ခုနှစ်၊ မေလ (၁)ရက်နေ့ ၊ နံနက် (၉:၃၀) နာရီအချိန်တွင် တာမွေမြို့ အလုပ်သမားဆေးရုံနှင့် ရန်ကုန်ပြည်သူ့ဆေးရုံ (ကုတင် – ၅၀၀) တို့အပြင် ယခုနှစ်တွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး (ဂျပန်ဆေးရုံ) တို့တွင် ဆေးကုသမှုခံယူလျက်ရှိသော အလုပ်သမားများ၊ ဝန်ထမ်းမိသားစုများ၊ လူနာများ၊ လူနာစောင့်များအတွက် လူဦးရေ (၉၀၀)ဦးစာ အာဟာရဒါန (နေ့လယ်စာ) လှူဒါန်းခြင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ပြုလုပ်ခဲ့ပါသည်။

Proven Group of Companies သည် တစ်နှစ်ထက်တစ်နှစ် CSR လူမှုအကျိုးပြုလုပ်ငန်းများကို ဆထက်တပိုး ပိုမိုကောင်းမွန်အောင် နှစ်စဉ် အစီအစဉ်များ စနစ်တကျရေးဆွဲ၍ ဆောင်ရွက်လာခဲ့ရာမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့တွင် အာဟာရဒါန လှူဒါန်းခြင်းအစီအစဉ်ကို ရန်ကုန်တွင် (၃) ကြိမ်မြောက် ကျင်းပနိုင်ခဲ့ခြင်းဖြစ်သည့်အပြင် အလုပ်သမားမိသားစုများနှင့် ဝန်ထမ်းများအတွက် ငွေပဒေသပင်အထွေထွေအသုံးစရိတ်ကိုပါ ထောက်ပံ့ခြင်းလုပ်ငန်းများကို ထပ်တိုး ဆောင်ရွက်ခဲ့ပါသည်။အဖက်ဖက်မှ ဝိုင်းဝန်းကူညီအားဖြည့်ပေးကြသည့် တစ်ယောက်စီတိုင်းကို ကျေးဇူးအထူးပင်တင်ရှိပါသည်။ **[CSR for Community]**













# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ - ၂၀၂၆








ဇွန်လ (၅) ရက်နေ့တွင်ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် ယနေ့ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် Proven Group of Companies နှင့် ညီနောင် ကုမ္ပဏီများပူးပေါင်း၍ စုပေါင်းသစ်ပင်စိုက်ပွဲကို ကျင်းပခဲ့ပါသည်။ယခင်နှစ်များတွင် ပြင်ပ Public Area များ၌ နှစ်စဉ်အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ပြီး သစ်ပင်ပန်းမာန်များ၊ အရိပ်ရအပင်များ စိုက်ပျိုးပေးခြင်းသာမက အများပြည်သူ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အလှူဒါနနှင့် လူမှုအကျိုးပြု လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါသည်။


ယခု ၂၀၂၆ ခုနှစ်တွင် နှစ် (၃၀) ပြည့်မြောက်ခဲ့ပြီးဖြစ်သည့် Proven Technology Industry Co., Ltd. ၏ တည်ဆောက်ဆဲ စက်ရုံ အမှတ် (၃) ၏ အရှေ့မျက်နှာစာတွင် ညီနောင်ကုမ္ပဏီများအားလုံး စုပေါင်း၍ အရိပ်ရအပင် (၆၀) ကို စိုက်ပျိုးခဲ့ပါသည်။ ထိုကဲ့သို့ စိုက်ပျိုးခြင်းသည် မိမိတို့၏ လုပ်ငန်းခွင်ပတ်ဝန်းကျင် ပိုမိုစိမ်းလန်းစိုပြေကာ သာယာလှပသည့် လုပ်ငန်းခွင်တစ်ခုဖန်တီးနိုင်စေရန် ရည်ရွယ်၍ Internal CSR အစီအစဉ် အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပါသည်။

Proven Group သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှစတင်၍ Renewable Energy အသုံးပြုမှုကို တိုးမြှင့်နိုင်ရန် ရည်ရွယ်ကာ Solar Energy System များကို စက်ရုံများနှင့် ရုံးခန်းများတွင် တပ်ဆင်အသုံးပြုခဲ့ပြီး Carbon Footprint ကို (၁၉၂ တန်) ခန့် လျှော့ချနိုင်ခဲ့ပါသည်။

ကုမ္ပဏီ၏ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ဝန်ထမ်းများ အားလုံးအနေဖြင့် လုပ်ငန်းတွင် သတ်မှတ်ထားသော Environmental & Sustainability ဆိုင်ရာ လုပ်ငန်းစဉ်များကို စနစ်တကျ လိုက်နာဆောင်ရွက်သွားကြမည် ဖြစ်ပါသည်။ **[CSR for Environment]**



# ကမ္ဘာ့လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့ အထိမ်းအမှတ် အနုပညာနှင့် စာပေစွမ်းရည်ပြိုင်ပွဲကျင်းပခြင်း




မဖြူစင်ပွင့်မြတ် (1st Prize)


မဆုပြည့်စုံလင်း (2nd Prize)


မဖူးဖူးဝတီ (3rd Prize




မဝင့်ကြယ်စင်လင်းထွန်း (1st Prize)



မသွန်းယမုံဇင် (2nd Prize)



မောင်ကောင်းမြတ်ကြွယ် (3rd Prize)



မောင်ရဲမြတ်သူရိန် (Consolation Prize)

Proven Group of Companies သည် ကော်ပိုရိပ်လူမှုတာဝန်များ (CSR) ကို ကဏ္ဍပေါင်းစုံတွင် ပံ့ပိုးကူညီလျက်ရှိရာ ယခုဆိုလျှင် ဝန်ထမ်း သားငယ်/သမီးငယ်များ၏ ပညာရေးကဏ္ဍကိုလည်း မြှင့်တင်ပေးနိုင်စေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ယခု ၂၀၂၆ ခုနှစ်တွင် April 28 th ရက်နေ့၌ ကျရောက်သည့် ကမ္ဘာ့လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် 15th May 2026 (Friday) ရက်နေ့တွင် Proven Technology Industry Co., Ltd. နှင့် Proven Polyworld Co., Ltd. တို့၏ ဝန်ထမ်းသား/သမီးများ၏ အနုပညာနှင့် စာပေစွမ်းရည်ပြိုင်ပွဲကို ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခုကဲ့သို့ ကျင်းပရခြင်း ရည်ရွယ်ချက်မှာ မိမိတို့ ဝန်ထမ်းများအပြင် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိအမြင်များ၊ မတော်တဆမှုများနှင့် လုပ်ငန်းခွင်ဆိုင်ရာရောဂါများကို ကာကွယ်လျှော့ချကာ ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်ယဉ်ကျေးမှုကို ဝန်ထမ်းများ၏ သားငယ်/သမီးငယ်များအထိ လက်ဆင့်ကမ်းသွားနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ကျင်းပရခြင်းဖြစ်ပါသည်။ ပြိုင်ပွဲတွင် ပါဝင်ပေးခဲ့ကြသည့် သားငယ်/သမီးငယ်များအားလုံးကို Proven မိသားစုဝင်များမှ အထူးပင် ကျေးဇူးတင်ရှိပါသည်။ **[CSR for Education]**
















# ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း







Proven Group of Companies မှ ဦးဆောင်၍ ညီနောင်ကုမ္ပဏီများနှင့်အတူ (၄)ကြိမ်မြောက် ကျင်းပသည့် ဝန်ထမ်း သား/သမီး ကျောင်းသား/ကျောင်းသူများကို ကျောင်းသုံးပစ္စည်းများထောက်ပံ့ပေးအပ်ခြင်းနှင့် ၂၀၂၆ ခုနှစ် ကမ္ဘာ့လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးနေ့ အထိမ်းအမှတ် ဝန်ထမ်းသား/သမီးများ၏ အနုပညာနှင့် စာပေစွမ်းရည်ပြိုင်ပွဲမှ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းစသည့် အခမ်းအနားကို 27th June, 2025 (စနေနေ့)တွင် Toyo and Lion Battery ထုတ်လုပ်သည့် ရွှေပြည်သာစက်မှုဇုန် (၁)အတွင်းရှိ စက်ရုံတည်ရှိရာ Proven Technology Industry Co., Ltd. – Plant II (Conference Room) တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

Proven Group အနေဖြင့် ယခုကဲ့သို့ ကျောင်းသုံးပစ္စည်းများပေးအပ်ခြင်းအခမ်းအနားကို နှစ်စဉ်ကျင်းပပြု လုပ်ခဲ့ပြီး ယခုနှစ်တွင် သားငယ်/သမီးငယ် စုစုပေါင်း (၂၈၆) ဦးအတွက် ကုန်ကျစရိတ် စုစုပေါင်း ကျပ်သိန်း (၁၇၀) ကျော်တန်ဖိုးရှိ ကျောင်းသုံးပစ္စည်းများကို ပညာသင်နှစ် အတန်းကြီး/ငယ်အလိုက် လိုအပ်မှုအပေါ်မူတည်၍ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

15th May 2026 (Friday) ရက်နေ့တွင် ကမ္ဘာ့လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် Proven Technology Industry Co., Ltd. နှင့် Proven Polyworld Co., Ltd. တို့၏ ဝန်ထမ်းသား/သမီးများ၏ အနုပညာနှင့် စာပေစွမ်းရည်ပြိုင်ပွဲကို ကျင်းပပြုလုပ်ခဲ့ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ဆုရရှိခဲ့သည့် သားငယ်သမီးငယ်များကိုလည်း ဆုချီးမြှင့်ခြင်း အစီအစဉ်ကိုပါ ပူးတွဲ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ **[CSR for Education]**









# တုပ်ကွေးကာကွယ်ဆေးထိုးခြင်း



Proven Distribution Co., Ltd. သည် အရောင်း၊ ပစ္စည်းပို့ဆောင်ရေးနှင့် ငွေကောက်ခံရေးတာဝန်များဖြင့် ပြင်ပတွင် လုပ်ငန်းဆောင်ရွက်နေရသည့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ ရုံးခွဲအသီးသီးမှ ဝန်ထမ်း (၈၆) ဦးအား ကျန်းမာရေးကာကွယ်စောင့်ရှောက်မှုအဖြစ် ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် မိုးရာသီ ရာသီတုပ်ကွေးကာကွယ်ဆေး ထိုးနှံပေးခဲ့ပါသည်။ **[CSR for Health & Safety]**



# မြောင်းတကာတိုက်နယ်ဆေးရုံတွင် ဆေးဝါးများ ထောက်ပံ့လှူဒါန်းခြင်း







Yangon Metal Industry Co., Ltd. သည် မြောင်းတကာသံမဏိသံရည်ကျိုစက်မှုဇုန်အတွင်း တည်ရှိပြီး ဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် စက်ရုံအတွင်း ဆေးပေးခန်း ဖွင့်လှစ်ထားရှိသည့်အပြင် အရေးပေါ်ကျန်းမာရေးဝန်ဆောင်မှုများအတွက် အားထားရသည့် မြောင်းတကာတိုက်နယ်ဆေးရုံသို့ ဆေးဝါးပစ္စည်းများကို နှစ်စဉ်ထောက်ပံ့လှူဒါန်းလျက်ရှိပါသည်။ ယခုနှစ်တွင်လည်း ဒုတိယနှစ်ဆက်တိုက်အဖြစ် ၂၀၂၆ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် မြောင်းတကာတိုက်နယ်ဆေးရုံသို့ လိုအပ်သောဆေးဝါးများကို သွားရောက်လှူဒါန်းပေးအပ်ခဲ့ပါသည်။ **[CSR for Community]**

# (၃) လပတ် ဝန်ထမ်းထုအစည်းအဝေး ကျင်းပခြင်း





၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့တွင် Proven Group of Companies Ltd. ၏ ညီနောင်ကုမ္ပဏီဖြစ်သည့် Proven Technology Industry Co., Ltd. ၏ ဝန်ထမ်းထုအစည်းအဝေး (Durbar) ကို Plant II ရှိ ထမင်းစားဆောင်၌ ကျင်းပပြုလုပ်ခဲ့ပြီး ဌာနအသီးသီးမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အစည်းအဝေးတွင် ISO Standard နှင့်အညီ ဌာနအသီးသီးမှ သတ်မှတ်ထားသော Objectives များ၏ ဆောင်ရွက်ပြီးမြောက်မှု (Achievement Status) ကို Presentation များဖြင့် အသီးသီး တင်ပြဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် လုပ်ငန်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်၍ အနာဂတ်လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်စေရန် အမြင်များနှင့် အကြံပြုချက်များကိုလည်း အပြန်အလှန် ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။

တစ်ဆက်တည်းတွင် ဧပြီလမှ ဇွန်လအတွင်း မွေးနေ့ကျရောက်သော ဝန်ထမ်းများအတွက် စုစုပေါင်းမွေးနေ့အခမ်းအနားကိုလည်း နွေးထွေးပျော်ရွှင်စွာကျင်းပခဲ့ပြီး ဝန်ထမ်းများအကြား ရင်းနှီးချစ်ခင်မှုနှင့် အသင်းအဖွဲ့စိတ်ဓာတ် ပိုမိုခိုင်မာစေရန် ရည်ရွယ်၍ စုပေါင်းဂုဏ်ပြုခဲ့ကြပါသည်။

## Internship Program (April & May 2026)








ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် Proven Group of Companies Ltd. တို့အကြား MOU လက်မှတ်ရေးထိုးပြီးနောက် ကျောင်းသား၊ ကျောင်းသူများ၏ လုပ်ငန်းခွင်အတွေ့အကြုံနှင့် အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်နိုင်ရေးအတွက် Internship Program များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၆ ခုနှစ် ဧပြီလနှင့် မေလအတွင်း Proven Group နှင့် Proven Distribution Co., Ltd. တို့တွင် Internship Program ကို အောင်မြင်စွာ ပြီးမြောက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား Internship Certificate များ ပေးအပ်ခဲ့ပြီး Internship ကာလအတွင်း ရရှိခဲ့သည့် အတွေ့အကြုံများကို Group CEO နှင့် Executive Directors များထံသို့ ပြန်လည်မျှဝေတင်ပြခဲ့ကြပါသည်။ **[CSR for Education]**





















# MCPA DAY & CAREER FAIR တွင် ပါဝင်ခဲ့ခြင်း

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် ပူးပေါင်းကာ ICT လူ့စွမ်းအားအရင်းအမြစ်နှင့် ICT Industry ရှိ ကုမ္ပဏီများကို ချိတ်ဆက်ပေးရန်ရည်ရွယ်၍ MCPA Day ကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၁၈) ရက်နေ့၊ ကြာသပတေးနေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါပွဲသို့ တက်ရောက်ခဲ့သည့် ကျောင်းသား/ကျောင်းသူဦးရေ (၁၃၀၀) ဦးရှိခဲ့ပြီး ICT Career Development ဆိုင်ရာ ဟောပြောပွဲဆွေးနွေးပွဲများနှင့်အတူ ICT နည်းပညာကို အသုံးပြုနေသော ကုမ္ပဏီများမှ ICT လူ့စွမ်းအားအရင်းအမြစ်ကို အလုပ်အကိုင်အခွင့်အလမ်းကောင်းများပေးနိုင်ရေးအတွက် Career Fair နှင့် Internship အစီအစဉ်များဖန်တီးပေးနိုင်စေရန် ပါဝင်ခဲ့ကြပါသည်။ မိမိတို့ Proven Group of Companies အနေဖြင့် Manufacturing နှင့် Distribution လုပ်ငန်းများကို အဓိကထား လုပ်ကိုင်လျက်ရှိသည့် အားလျှော်စွာ အဆိုပါပွဲတွင် ပါဝင်ခဲ့ပါသည်။


























**APPLY NOW**

**SEND YOUR CV TO US**

**hr@proven.com.mm**

# GOVERNANCE AS A BUSINESS STRATEGY DECISIONS THAT SEPARATE RESILIENT FIRMS FROM FRAGILE ONES IN MYANMAR WORKSHOP



၂၀၂၆ ခုနှစ်၊ မေလ (၂၆) ရက်နေ့ (အင်္ဂါနေ့) တွင် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) ၌ ကျင်းပပြုလုပ်သည့် "Governance as a Business Strategy: Decisions that Separate Resilient Firms from Fragile Ones in Myanmar" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲသို့ Proven Group of Companies Ltd. မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင်၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသုတအောင် မှ ဦးဆောင်ဟောပြောခဲ့ပြီး စီးပွားရေးလုပ်ငန်းများ ရေရှည်တည်တံ့စေရန်အတွက် ကောင်းမွန်သော Corporate Governance စနစ်များကို စီးပွားရေးမဟာဗျူဟာတစ်ရပ်အဖြစ် မည်သို့ထည့်သွင်းကျင့်သုံးသင့်သည်ကို အသေးစိတ်မျှဝေဆွေးနွေးခဲ့ပါသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းဝန်ထမ်းများ၏ စီမံခန့်ခွဲမှုစွမ်းရည်များ မြှင့်တင်နိုင်စေရန်၊ Corporate Culture ကောင်းများ ဖော်ဆောင်နိုင်စေရန်နှင့် ရေရှည်တည်တံ့သော လုပ်ငန်းအဖွဲ့အစည်းများ တည်ဆောက်နိုင်စေရန် ရည်ရွယ်၍ အတွေ့အကြုံများနှင့် လက်တွေ့ကျသော အုပ်ချုပ်မှုဆိုင်ရာ အကြံပြုချက်များကို မျှဝေပေးခဲ့ပါသည်။

Proven Group of Companies Ltd. အနေဖြင့်လည်း ကောင်းမွန်သော Corporate Governance စံနှုန်းများနှင့် စဉ်ဆက်မပြတ် သင်ယူလေ့လာမှုများကို အားပေးမြှင့်တင်လျက်ရှိပြီး ယခုကဲ့သို့ အကျိုးရှိသော အလုပ်ရုံဆွေးနွေးပွဲများတွင် တက်ရောက်ပါဝင်ခြင်းဖြင့် အဖွဲ့အစည်း၏ စီမံခန့်ခွဲမှုစွမ်းရည်နှင့် ရေရှည်တည်တံ့သော လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

# INDUSTRIAL TRAINING –TECHNOLOGICAL UNIVERSITY (HMAWBI) STUDENTS AT PROVEN TECHNOLOGY INDUSTRY CO., LTD.







နည်းပညာတက္ကသိုလ် (မှော်ဘီ)၊ အီလက်ထရောနစ်အင်ဂျင်နီယာဌာနမှ ဒုတိယနှစ် (Semester III) ကျောင်းသား/သူ (၅၂)ဦးနှင့် ကြီးကြပ်သူ ဆရာမ (၅)ဦးတို့သည် ၂၂-၄-၂၀၂၆ မှ ၁၁-၅-၂၀၂၆ အထိ အုပ်စု (၂)စုခွဲ၍ Proven Group of Companies Ltd. ၏ ညီနောင်ကုမ္ပဏီတစ်ခုဖြစ်သည့် TOYO နှင့် Lion ဘက်ထရီအမှတ်တံဆိပ်များ ထုတ်လုပ်လျက်ရှိသော Proven Technology Industry Co., Ltd. ၏ စက်ရုံသို့ စက်မှုလုပ်ငန်းခွင် လက်တွေ့လေ့လာသင်ယူခြင်း (Industrial Training) အတွက် လာရောက်လေ့လာခဲ့ကြပါသည်။

အဆိုပါ Training အစီအစဉ်အတွင်း ဌာနအသီးသီးတွင် ကျင့်သုံးလျက်ရှိသည့် System များ၊ Standard များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စီမံဆောင်ရွက်ထားမှုများ၊ ရေရှည် တည်တံ့ခိုင်မြဲမှု (Sustainability) ဆိုင်ရာ လုပ်ဆောင်ချက်များနှင့် နည်းပညာဆိုင်ရာnအကြောင်းအရာ များကို ရှင်းလင်းတင်ပြဆွေးနွေးပေးခဲ့ပါသည်။ ထို့ပြင် ကျောင်းသား/သူများအနေဖြင့် ဘက်ထရီ ထုတ်လုပ်သည့် Production Line တစ်ခုချင်းစီ၏ လုပ်ငန်းစဉ်များနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ဆောင်ချက်များကို လက်တွေ့လေ့လာနိုင်ရန် စက်ရုံအတွင်းလှည့်လည်ကြည့်ရှု လေ့လာစေ ခဲ့ပါသည်။

ဤ Industrial Training မှတစ်ဆင့် လူငယ်များ၏ စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် အသုံးပြု လျက်ရှိသည့် နည်းပညာများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများအပေါ် စိတ်ဝင်စားမှုများ၊ ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခုကို ဖန်တီးလိုသည့် စိတ်အားထက်သန်မှုများကို တွေ့မြင်ရသည့်အတွက် Proven Group of Companies Ltd. မိသားစုဝင်များအနေဖြင့် အသိပညာနှင့် အတွေ့အကြုံများကို မျှဝေခွင့်ရရှိခဲ့ခြင်းအပေါ် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။ ထို့အပြင် Industrial Training တက်ရောက်ခဲ့ကြသည့် ကျောင်းသား/သူတစ်ဦးချင်းစီအား Training Completion Certificate များကိုလည်း ဂုဏ်ပြုပေးအပ်ခဲ့ပါသည်။

# ရန်ကုန်တိုင်းဒေသကြီး၊ နည်းပညာတက္ကသိုလ် (မှော်ဘီ)နှင့် PROVEN TECHNOLOGY INDUSTRY CO., LTD. တို့အကြား LOA လက်မှတ်ရေးထိုးခြင်း









၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့ (သောကြာနေ့) တွင် ရန်ကုန်တိုင်းဒေသကြီး၊ နည်းပညာတက္ကသိုလ် (မှော်ဘီ) နှင့် Proven Technology Industry Co., Ltd. တို့အကြား ပညာရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (Letter of Agreement – LoA) လက်မှတ်ရေးထိုးပွဲကို နည်းပညာတက္ကသိုလ် (မှော်ဘီ) ၌ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။Proven Technology Industry Co., Ltd. သည် Manufacturing လုပ်ငန်းကို အခြေခံ၍ လည်ပတ်နေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး စက်မှုကဏ္ဍ၏ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်မှုစွမ်းရည် မြှင့်တင်ရေးတို့ကို အစဉ်တစိုက် အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် နည်းပညာကျွမ်းကျင်သော လူငယ်အင်ဂျင်နီယာများနှင့် နည်းပညာရှင်များကို စဉ်ဆက်မပြတ် လိုအပ်လျက်ရှိပါသည်။

ယခု ပညာရေးပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် (LoA) ကို လက်မှတ်ရေးထိုးခြင်းသည် အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ တက္ကသိုလ်မှ ဘွဲ့ရလူငယ်များအတွက် အရည်အသွေးမြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် ပညာရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ပုဂ္ဂလိကကဏ္ဍမှ တစ်ဖက်တစ်လမ်းက ပံ့ပိုးကူညီနိုင်ရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပါသည်။ထို့အပြင် ယခု LoA မတိုင်မီကတည်းကပင် Proven Technology Industry Co., Ltd. အနေဖြင့် နည်းပညာတက္ကသိုလ် (မှော်ဘီ) မှ ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့် Industrial Training အစီအစဉ်များကို ဆရာ၊ ဆရာမများနှင့် ညှိနှိုင်းတိုင်ပင်၍ လက်တွေ့လုပ်ငန်းခွင် အတွေ့အကြုံများ ရရှိစေရန် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုကဲ့သို့ ပညာရေးနှင့် စက်မှုလုပ်ငန်းကဏ္ဍတို့အကြား ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အနာဂတ်တွင် နည်းပညာကျွမ်းကျင်သော လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုမွေးထုတ်နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့သော လူ့စွမ်းအားဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုမည်ဟု မျှော်လင့်ပါသည်။

## AGRITECH MYANAMR EXPO ပွဲတွင် ပါဝင်ခဲ့ခြင်း









The 10th Agri-Tech Myanmar, the 4th Food & Beverage/HoReCa Myanmar 2026 နှင့် Myanmar-China Trade & Investment Expo ပြပွဲကို ၂၀၂၆ ခုနှစ်၊ ဇွန်လ (၂၆) ရက်နေ့မှ (၂၈) ရက်နေ့အထိ Yangon Convention Centre (YCC) တွင် ကျင်းပပြုလုပ်ခဲ့ပြီး လယ်ယာသုံးစက်ပစ္စည်းများ၊ ဆန်စက်၊ ဆီစက်၊ အမှုန့်ကြိတ်စက်များ၊ ထုတ်ပိုးစက်အမျိုးမျိုး၊ တာယာများ၊ အင်ဂျင်ဝိုင်နှင့် ချောဆီများ၊ ဘောဘယ်ရင်၊ ပူလီကြိုးများ စသည့် စက်မှုနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပြခန်းများဖြင့် ခင်းကျင်းပြသရောင်းချခဲ့ပါသည်။

အဆိုပါပြပွဲတွင် Proven Distribution Co., Ltd.၊ Proven International Co., Ltd. နှင့် Proven Energy Co., Ltd. တို့မှ ထုတ်လုပ်ဖြန့်ချီရောင်းချလျက်ရှိသော TOYO နှင့် Lion Battery များ၊ States၊ Aisin၊ 3M အမှတ်တံဆိပ်ထုတ်ကုန်များ၊ စက်ဆီချောဆီနှင့် Spare Parts ပစ္စည်းများ၊ Huawei Inverter၊ Jinko Solar နှင့် New Energy Solutions ဆိုင်ရာ သွင်းကုန်/ထုတ်ကုန်များကို ပြသရောင်းချခဲ့ပြီး လာရောက်ကြည့်ရှုသူများနှင့် ဖောက်သည်များအား ကုန်ပစ္စည်းအချက်အလက်များကို မိတ်ဆက်ရှင်းလင်းပေးခဲ့ပါသည်။

# HUAWEI'S WORKSHOP FOR INSTALLERS & OWNERS EVENT AT TAUNGGYI








၂၀၂၆ ခုနှစ် မေလ (၁၄) ရက်နေ့ ကြာသပတေးနေ့တွင် Huawei အနေဖြင့် တောင်ကြီးမြို့တွင် ကျင်းပပြုလုပ်သည့် Commercial & Industrial Solar and Energy Storage System Workshop for Installers & Owners အခမ်းအနားတွင် Proven Group of Companies Ltd. ၏ ညီနောင်ကုမ္ပဏီဖြစ်သော Proven Energy Co., Ltd. မှ ပူးပေါင်းပါဝင်ကာ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီပံ့ပိုးခဲ့ပါသည်။

Proven Distribution Co., Ltd. သည် Huawei Digital Power Sales Partner Program ၏ Authorized Partner Smart PV တစ်ဦးဖြစ်ပြီး အဆိုပါ Workshop တွင် Proven Group ၏ Group CEO ဖြစ်သူ ဦးသန်းထိုက်လွင် မှ Energy Storage လုပ်ငန်းများနှင့် Sustainable Energy Solutions များအပေါ် ကုမ္ပဏီ၏လက်ရှိဆောင်ရွက်နေမှုများ၊ အတွေ့အကြုံများနှင့် အနာဂတ် ရည်မှန်းချက်များကို မျှဝေဆွေးနွေးခဲ့ပါသည်။

ထို့အပြင် Proven Distribution ၏ Display Corner တွင် Solar & Energy Products များကို ခင်းကျင်းပြသခဲ့ပြီး တက်ရောက်လာကြသည့် Installers များ၊ Business Owners များနှင့် Industry Stakeholders များအား Renewable Energy Technologies များနှင့် Sustainable Energy Solutions များအကြောင်း အသေးစိတ် မိတ်ဆက်ပေးနိုင်ခဲ့ပါသည်။

Proven Group အနေဖြင့် မြန်မာနိုင်ငံ၏ Renewable Energy Sector ဖွံ့ဖြိုးတိုးတက်ရေးနှင့် Sustainable Energy Solutions များ ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်ရေးအတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် အဆိုပါ Workshop သို့ ဖိတ်ကြားပေးခဲ့သည့် Huawei မှ တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။





























ကြက်တောင်ရိုက် ဝါသနာရှင်များအတွက် Myanmar Women Entrepreneurs Network (MYANWEN) နှင့်မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် (MBF) တို့ ပူးပေါင်း၍ MYANWEN Friendship Badminton Tournament 2026: Smash Your Limits, Play with passion ပွဲကြီးကို ၂၀၂၆ ခုနှစ်၊ မေလ (၂၃) ရက်နေ့၊ MBF Court (မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်ကွင်း)တွင်ပြုလုပ်ခဲ့ပါသည်။ ကြက်တောင်ရိုက်ဝါသနာရှင် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာနိုင်စေရန်ပံ့ပိုးမှု အနေဖြင့် Proven Distribution Co., Ltd. မှ Silver Sponsor အဖြစ်ပါဝင်ခဲ့ပြီးအားကစားကဏ္ဍ မြင့်တင်ရေးကိုတစ်ဖက်တစ်လမ်းမှ ပါဝင်နိုင်ခဲ့ပါသည်။

ထို့ပြင် Proven Group of Companies နှင့် ညီနောင်ကုမ္ပဏီများ၏ ထုတ်လုပ်ဖြန့်ချီရောင်းချ လျက်ရှိသည့် TOYO & LION Battery များနှင့်အတူတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့် New Energy Solutions Product များ - Solar, Inverters, နှင့် Mountain Structure များကိုပြခန်းဖြင့် ပြသခဲ့ပါသည်။

မိမိတို့ကုမ္ပဏီများ၏ ထုတ်လုပ်ဖြန့်ချီရောင်းချလျက်ရှိသော ထုတ်ကုန်များကို အားပေးကြသည့် Customer တစ်ဦးချင်းစီကို ကျေးဇူးတင်ရှိသလို MYANWEN Friendship Badminton Tournament 2026: Smash your limits, Play with passion ပွဲကြီးတွင် ပါဝင်ခွင့်ရရှိခဲ့သည့်အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ဖော်ပြအပ်ပါသည်။




HIRING

CAREERS

Visit Our Website

@PROVENGROUP
Find Us On Telegram





No. F/S-14, Bayintnaung Road, Shwe Sabei Yeikmon, Kamayut Township, Yangon, Myanmar.
(Post Code -11041)
Office No. (+95-1) 7 531 030 / 7 531 041 / 7 527 667

(+95)9 880876920 www.proven.com.mm info@proven.com.mm